ညောင်ကန်(တောင်+မြောက်)ကျေးရွာ
ညောင်ကန်ကျေးရွာအုပ်စု၊ရွှေဘိုမြို့နယ်
စစ်ကိုင်းတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း
(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ညောင်ကန်(တောင်+မြောက်)ကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရွှေဘိုမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

နိုဝင်ဘာလ၊ ၂၀၁၈

ညောင်ကန်(တောင်+မြောက်)ကျေးရွာ
ညောင်ကန်ကျေးရွာအုပ်စု၊ရွှေဘိုမြို့နယ်
စစ်ကိုင်းတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း
(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ညောင်ကန်(တောင်+မြောက်)ကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရွှေဘိုမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

နိုဝင်ဘာလ၊ ၂၀၁၈

မာတိကာ

မာတိကာ

ညောင်ကန်(တောင်+မြောက်)ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ရွှေဘိုမြို့နယ်

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား-မ ရေးရာ

(ဈ) လူငယ်ဖွံ့ဖြိုးရေး

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲ(၁) - ညောင်ကန်(တောင်+မြောက်)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုဇယား

နောက်ဆက်တွဲ(၂) - ညောင်ကန်(တောင်+မြောက်)ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ


မြောက်မြို့နယ် သောဇနဝန် (တ+မ) ကျေးရွာ သပ်သာတပြင်ပြေပုံ
မ
ဒ
တ
- စေတီ
- ဘုန်းကြီးကျောင်း
- စာသင်ကျောင်း
- ရေကန်
- တံတား
- လမ်း
- ဆေးပေးခန်းဖွင့်ရေး
- ဒိတ်စင်
- ဈေးဝိုင်
- သုသာန်
- ယာယီကွင်း

၁။ တည်နေရာနှင့် ပထဝီအနေအထား

ညောင်ကန်(တောင်+မြောက်) ကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၏ အနောက်မြောက်ဘက် (၆)မိုင်ခန့် အကွာတွင် တည်ရှိပါသည်။ ကျေးရွာသည် မြေပြန့်တွင် တည်ရှိပြီး အကျယ်အဝန်းမှာ (၄၀.၁၃) ဧက ကျယ်ဝန်းပါသည်။ ကျေးရွာ၏ အရှေ့ဘက် ပေ(၃၀)အကွာတွင် စိုက်ပျိုးရေး ရေသွင်းမြောင်းမကြီး (ကာဘိုးမူးမြောင်းမကြီး) ရှိပါသည်။ ကျေးရွာ၏ ဘေးပတ်လည်တွင် လယ်ကွင်းများ ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ညောင်ကန်(တောင်+မြောက်)ကျေးရွာတွင် သဘာဝပေါက်ပင်များအနေဖြင့် တမာ၊ မန်ကျည်း၊ ဇီး၊ ကုက္ကို၊ ထနောင်း၊ ညောင်၊ ထန်းနှင့် ကန္တာရပင်စသော အပင်များ ပေါက်ရောက်ကြပါသည်။ စိုက်ပျိုးရေး လုပ်ကိုင်နိုင်သော လယ်မြေ(၉၇၅.၂)ဧက နှင့် ယာမြေ (၈.၂)ဧက ရှိပါသည်။ လယ်မြေ များ အားလုံးသည် သဖန်းဆိပ် ဆည်ရေသောက် ဧရိယာအတွင်း ရှိပါသည်။ အခြားသဘာဝ ဆေးဘက်ဝင် အပင်များလည်း အနည်းငယ် ရရှိပါသည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ညောင်ကန်(တောင်+မြောက်)ကျေးရွာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများအဖြစ်ကျောင်းကော်မတီ၊ ဂေါပက၊ လူမှုကူညီရေးအသင်း၊ ရပ်မိရပ်ဖ၊ လျှပ်စစ်မီးကော်မတီ၊ လယ်သမားအဖွဲ့၊ လူငယ်အဖွဲ့၊ မီးသတ်အဖွဲ့၊ အမျိုးသမီးအဖွဲ့၊ ဝေယျာဝစ္စအဖွဲ့ဟူ၍ အဖွဲ့(၁၀)ဖွဲ့ရှိပါသည်။ ကျေးရွာရှိ အဖွဲ့အစည်း များသည် ရပ်ရွာ၏ သာရေးနာရေး၊ လူမှုရေး၊ လုံခြုံရေး၊ စိုက်ပျိုးမွေးမြူရေး၊ ပညာရေးနှင့် ဘာသာရေးကိစ္စရပ်များ ဆောင်ရွက်ကြပြီး စွမ်းဆောင်မှုတွင် အများစုမှာ သင့်တင့်ကြပါသည်။ ယခင်က ကျေးရွာတွင် စီမံကိန်းရေးဆွဲ၍ ကျေးရွာဖွံ့ဖြိုးရေးကို ရေရှည် ဆောင်ရွက်သည့် အဖွဲ့အစည်း မရှိခဲ့ပါ။ သို့သော်လည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ (၂၈.၅.၂၀၁၈)ရက်နေ့တွင် ဖွင့်လှစ်သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲနည်း သင်တန်း တက်ရောက်ပြီးနောက်တွင် ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်း၍ ကျေးရွာ၏ လိုအပ်ချက်များကို စီမံချက်များ ရေးဆွဲထားရှိပြီး ဖြစ်ပါသည်။

ပြင်ပအဖွဲ့အစည်းများအနေဖြင့် မြတ်ကျွန်းသာ၊ Pact Myanmar၊ alliance၊ proximity အသေးစားချေးငွေအဖွဲ့များမှ ငွေကြေးဝန်ဆောင်မှု ရရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ညောင်ကန်(တောင်+မြောက်)ကျေးရွာတွင် အိမ်ထောင်စု (၂၉၃)စု ရှိပြီး ၊ ကျား(၆၁၇)ဦး၊ မ(၇၃၀)ဦး၊ စုစုပေါင်း လူဦးရေ(၁၃၄၇)ဦး ရှိပါသည်။ သို့ပါ၍ ကျေးရွာ၏ လူဦးရေသည် တစ်အိမ်ထောင်လျှင် (၅)ဦး အောက် နှုန်းဖြစ်သဖြင့် လူသားအရင်းအမြစ် နည်းနေပါသေးသည်။ ကျေးရွာတွင် နို့စိုအရွယ် (၁၄)ဦး သာရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ်(၉၅၄)ဦး ရှိသဖြင့် လူလတ်ပိုင်းများသည်ဟု ဆိုနိုင်ပါသည်။

ညောင်ကန်(တောင်+မြောက်) ကျေးရွာ၏ အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပါသည်။ မိုးစပါးအတွက် စျေးကွက်ဝင် ရွှေဘိုပေါ်ဆန်း (ဘေးကြား) ကို အများဆုံးစိုက်ပျိုးကြပါသည်။ နွေရာသီတွင် နွေစပါးအပြင် ပဲတီစိမ်းနှင့် နှမ်းစသော သီးနှံများ ကို အသင့်အတင့် စိုက်ပျိုးကြပါသည်။ အိမ်ထောင်စုပေါင်း (၂၉၃)အိမ်ထောင်စုအနက် လယ်ယာ ပိုင်ဆိုင်သည့် အိမ်ထောင်စု (၂၀၃) အိမ်ထောင်စု ရှိပါသည်။ ညောင်ကန်(တောင်+မြောက်) ကျေးရွာတွင် အိမ်ထောင်စု (၂၉၃)အိမ်ထောင်စုရှိရာတွင် အဓိက ဝင်ငွေရလုပ်ငန်းများအဖြစ် လယ်ယာ စိုက်ပျိုး ရေး (၂၀၄) အိမ်ထောင်စု၊ ဘဲမွေးမြူရေး (၁)အိမ်ထောင်စု၊ စျေးရောင်းဝယ်ရေး (၂)အိမ်ထောင်စု၊ ကျပန်း (၈၆) အိမ်ထောင်စုတို့ ဖြစ်ကြပါသည်။ လယ်ယာစိုက်ပျိုးရေး မဟုတ်သော အခြား ဝင်ငွေရ လုပ်ငန်းများအဖြစ်လည်း ဆောက်လုပ်ရေး၊ စက်ချုပ်၊ ကားမောင်း၊ မွေးမြူရေး၊ ဝန်ထမ်း၊ ယက္ကန်း၊ စျေးရောင်းဝယ်ရေး၊ လယ်ယာသုံးစက်ကိရိယာ ငှားရမ်းခြင်းနှင့် ကျပန်းအလုပ်များကိုလည်း တွဲဖက် လုပ်ကိုင်ကြပါသေးသည်။ ကျေးရွာတွင် ပြည်တွင်းနှင့် ပြည်ပတွင် သွားရောက်လုပ် ကိုင်ကြသူ (၁၂)ဦးလည်း ရှိပါသည်။

လယ်ယာစိုက်ပျိုးသူများသည် မိုးစပါး၊နွေစပါး သီးထပ် စိုက်ပျိုးကြပြီး၊ စိုက်ဧက (၉၇၅.၂) ဧက ရှိပါသည်။ ယာမြေ (၈.၂)ဧကရှိပါသည်။ ညောင်ကန်(တ+မ) ကျေးရွာ အနောက်ဘက်၊ တောင်ဘက်နှင့် မြောက်ဘက်ရှိ စိုက်ပျိုးမြေအားလုံးသည် သဖန်းဆိပ်ဆည်ရေသောက် ဧရိယာ အတွင်း တည်ရှိသောကြောင့် စိုက်ပျိုးရေလုံလောက်စွာ ရရှိပါသည်။ သို့သော်လည်း ကျေးရွာ၏ အရှေ့ဘက်ခြမ်းရှိ သဖန်းဆိပ်ဆည်ရေဝင်မဟာနန္ဒာကန်တော်ရေဖြင့် စိုက်ပျိုးသော စိုက်ပျိုးမြေ (၄၅၇) ဧက ကျော်သည် စိုက်ပျိုးရေ မလုံလောက်ကြပါ။ မဟာနန္ဒာကန်တော်မှ လာသော စိုက်ပျိုးရေ ရရှိမှုနည်းပါးနေပါ၍ ရွာ၏ အရှေ့ဘက်ခြမ်းရှိ လယ်ဧက (၄၀၀)ကျော်ကို စိုက်ပျိုးကြသော လယ်သမားများအတွက် ဆည်မြောင်းဦးစီးဌာနနှင့် ရေအသုံးချရေးဦးစီးဌာနမှ ရေးသွင်းကူပြန် သီးသန့် ဆောင်ရွက်ပေးနိုင်ပါ က စိုက်ပျိုးရေ လုံလောက်စွာ ရရှိနိုင်ပြီး စပါးအထွက်နှုန်းများ ပိုမိုရရှိလာမည် ဖြစ်ပါသည်။ မိုးစပါး (ဘေးကြား) ကို ဝါခေါင်လမှ တပို့တွဲလအတွင်း စိုက်ပျိုးကြပြီး တစ်ဧကပျမ်းမျှ (၇၅)တင်း ထွက်ရှိ ပါသည်။ နွေစပါး (ရွှေဝါထွန်း၊

ဘီဂျီ)တို့ကို တန်ခူးလမှ ဝါဆိုလအတွင်း စိုက်ပျိုးကြပြီး တစ်ဧက ပျမ်းမျှ (၁၂၀) တင်း ထွက်ရှိပါသည်။

လယ်ယာစိုက်ပျိုးရေးအနေဖြင့် စပါးတစ်မျိုးတည်းကိုသာ ကာလကြာရှည်စွာ စိုက်ပျိုးခြင်း ကြောင့် စပါးမျိုး၏ ရာသီဥတုခံနိုင်ရည်၊ ပိုးမွှားဒဏ်ခံနိုင်ရည် နည်းပါးလာပြီး စပါးအထွက်နှုန်း လျော့နည်းလာခြင်းများ ကြုံတွေ့ကြရပါသည်။ သို့ပါ၍ လက်ရှိမျိုးထက် ပိုမိုကောင်းမွန်သော စပါး မျိုးကောင်းမျိုးသန့်များကို ဝယ်ယူရရှိပါက စပါးအထွက်နှုန်းများ ကောင်းမွန်လာပြီး လယ်ယာ စိုက်ပျိုးရေးတွင် ပိုမို အကျိုးဖြစ်ထွန်းလာမည် ဖြစ်ပါသည်။

ညောင်ကန် ကျေးရွာတွင် ထွန်စက် (၁)စီး၊ လက်တွန်းထွန်စက် (၅၆)စီး၊ ရိတ်သိမ်းခြွေလှေ့ စက်(၅)စီး၊ ခြွေလှေ့စက် (၃)စီး၊ ရေစုပ်စက်(၂၃)ခု၊ မြတ်ရိတ်စက် (၁၀)ခု တစ်ဦးချင်း ပိုင်ဆိုင်ကြ သဖြင့် လယ်ယာသုံး စက်ကိရိယာပစ္စည်း ပိုင်ဆိုင်မှုအားကောင်းသော ကျေးရွာဖြစ်သည်ကို တွေ့ရပါသည်။

လယ်ယာပိုင်ဆိုင်မှု မရှိသော ကျပန်းအိမ်ထောင်စုများသည် ကောက်စိုက်ပျိုးနုတ် စသည့် လယ်ယာလုပ်ငန်းခွင်တွင် ပုတ်ပြတ်လုပ်အားခအနေဖြင့် လုပ်ငန်းပြီးစီးမှု အလိုက် ကျပ် (၅၀၀၀)မှ ကျပ် (၁၀၀၀၀)အထိ ရရှိကြပါသည်။

အမျိုးသမီးများသည် စက်ချုပ်နှင့် ယက္ကန်းအတက်ပညာများကို တက်မြောက်မှု အရေအတွက်မှာ ကျေးရွာရှိ အလုပ်လုပ်နိုင်သည့် အမျိုးသမီးဦးရေ နှင့် ယှဉ်လျှင် နည်းပါးနေပါသေး သည်။ သို့ပါ၍ စက်ချုပ်နှင့် ယက္ကန်းအသက်မွေးဝမ်းကျောင်း ပညာသင်တန်းများ ဖွင့်လှစ်သင်ကြား ပေးပါက စက်ချုပ်နှင့် ယက္ကန်းပညာများ ကျွမ်းကျင်စွာ တက်မြောက်လာကြပြီး မိသားစုဝင်ငွေများ ပိုမိုရရှိလာသည့်အတွက် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လာနိုင်မည် ဖြစ်ပါသည်။

မွေးမြူရေးတွင် နွားမွေးမြူရေး (၃၃) အိမ်ထောင်စု၊ ကျွဲမွေးမြူရေး (၂)အိမ်ထောင်စု၊ ဆိတ် မွေးမြူရေး (၁) အိမ်ထောင်စု၊ ဝက်မွေးမြူရေး (၁၀)အိမ်ထောင်စုနှင့် ဘဲမွေးမြူရေး (၁)အိမ်ထောင်စု ရှိပါသည်။ ကျွဲ၊ နွားမွေးမြူရေးကို လယ်ယာလုပ်ငန်းခွင်အတွက်သာ မွေးမြူကြပြီး လယ်ယာသုံး စက်ကိရိယာများ တွင်ကျယ်စွာ အသုံးပြုလာကြ၍ မွေးမြူမှု နည်းပါးသွားပါသည်။ လယ်ယာမြေ များတွင် နွေ၊ မိုးနှစ်ရာသီ စိုက်ပျိုးခြင်းနှင့် ပေါင်းသတ်ဆေးများ သုံးစွဲမှုကြောင့် စားကျက်မြေရှားပါး ၍လည်း ကျွဲ၊ နွားမွေးမြူရေး နည်းပါးလာပါသည်။ အိမ်ထောင်စုအနည်းငယ်သာ ဆိတ်မွေးမြူရေး၊ ကြက်မွေးမြူရေးနှင့် ဘဲမွေးမြူရေးကို တစ်ပိုင်တစ်နိုင် မွေးမြူနိုင်ကြပါသည်။ ကျေးရွာတွင် အိမ်ထောင်စု အများစုမှာ မွေးမြူရေးလုပ်ငန်းများ တစ်ပိုင်တစ်နိုင် လုပ်ကိုင်နိုင်ရန် အတွက် ရင်းနှီးငွေများ လိုအပ် လျက်ရှိပါသည်။ ငါးလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စုမရှိပါ။

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

ကျေးရွာတွင် စေတီများ၊ ဘုန်းကြီးကျောင်းများရှိ၍ ဘာသာရေး၊ ရပ်ရေးရွာရေးကိစ္စများ ဆောင်ရွက်ရာတွင် အသုံးပြုကြပါသည်။ ညောင်ကန်၊ ဇီးကုန်းရွာချင်းဆက် လမ်းမှာ မြေသားလမ်း ဖြစ်သောကြောင့် နှစ်စဉ် မိုးရာသီများတွင် သွားလာရန် ခက်ခဲသဖြင့် ကျောက်ချောလမ်း ဆောင်ရွက်ပေးပါက ညောင်ကန်ကျေးရွာနှင့် ဇီးကုန်းကျေးရွာ (၂)ရွာ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးကိစ္စများ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စွာ သွားလာနိုင်မည် ဖြစ်ပါသည်။

ညောင်ကန်(တောင်+မြောက်)ကျေးရွာတွင် လယ်ယာထွက်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရန် လမ်းမရှိသဖြင့် စိုက်ပျိုးရေး ရေသွင်းမြောင်းဖြစ်သည့် လက်ခုပွင်မြောင်းနှင့်ဆန်ကားမြောင်း ထဲမှ ထွက်ကုန်သီးနှံများကို ခက်ခဲစွာ သယ်ယူပို့ဆောင်ရသဖြင့် သီးနှံများဈေးကွက်သို့ အချိန်မီရောင်းချနိုင်ခြင်းမရှိ ဖြစ်ရပါသည်။ သို့ပါ၍ လက်ခုပွင်မြောင်းနှင့် ဆန်ကားမြောင်းဘေး တစ်လျှောက်တွင် ကုန်ထုတ်လမ်း ဆောင်ရွက်ပေးပါက လယ်ယာထွက်ကုန်သီးနှံများ အချိန်မီ ရောင်းချနိုင်ပြီး စီးပွားရေး ဖွံ့ဖြိုး လာမည် ဖြစ်ပါသည်။

ကျေးရွာတွင်မူလတန်းကျောင်း(၁)ကျောင်းရှိပါသည်။ ကျေးလက်ဆေးပေးခန်း ဆောက်လုပ်ထားသော်လည်း ကျန်းမာရေး ဆရာ၊ ဆရာမ မရှိသေးပါ။

ညောင်ကန်(တောင်+မြောက်) ကျေးရွာတွင် သောက်သုံးရေရရှိမှု အနေဖြင့် ကိုယ်ပိုင် အဝီစိတွင်း စက်တပ် (၄)တွင်း၊ အဝီစိတုံကင်(၆၉)တွင်း ရှိပါသည်။ ကိုယ်ပိုင်တွင်း မရှိသော အိမ်ထောင်စုများမှာ နီးစပ်ရာ တွင်းများနှင့် အများသုံးရေတွင်း အဝီစိတွင်း စက်တပ်(၄)တွင်း တွင် အသုံးပြုကြပါသည်။ သောက်သုံးရေ အရည်အသွေးစနစ်တကျ စစ်ဆေးထားခြင်း မရှိပါ။

ညောင်ကန်(တောင်+မြောက်) ကျေးရွာတွင် တစ်အိမ်ထောင်စုစာရင်းဇယားများ ကောက်ခံစဉ်က လျှပ်စစ်မီး မရရှိသေးပါ။ ထို့ကြောင့် ဆိုလာမီးနှင့် ဘတ်ထရီ၊ LED မီးများကိုသာ အသုံးပြုကြပါသည်။ သို့ရာ တွင် (၂၄.၆.၂၀၁၈)ရက်နေ့တွင် လျှပ်စစ်မီးရရှိပြီး ယခုအချိန်တွင် အိမ်ထောင်စု (၂၁၅)စု၊ လျှပ်စစ်မီး သုံးစွဲနိုင်ကြပါသည်။ ကျန်ရှိသော အိမ်ထောင်စုများမှာ ငွေကြေး အဆင်မပြေကြ၍ သုံးစွဲနိုင်ခြင်း မရှိခြင်း ဖြစ်ပါသည်။

ဆက်သွယ်ရေးအနေဖြင့် မိုဘိုင်းဖုန်းကို အများဆုံးအသုံးပြုကြပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းအရေအတွက် (၄၂၇)လုံး ရှိသဖြင့် အိမ်ထောင်စုတိုင်း မိုဘိုင်ဖုန်းသုံးစွဲနိုင်ပါသည်။ သတင်းအချက်အလက်များကို တီဗွီနှင့် ဂြိုလ်တုစလောင်းများမှ ရရှိပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ညောင်ကန်(တောင်+မြောက်) ကျေးရွာသည် ငွေကြေးဝန်ဆောင်မှုကို မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ စပါးစိုက်ပျိုးစရိတ်ချေးငွေကို (၁)ဧကလျှင် ကျပ်(၁၅၀၀၀၀)ဖြင့် (၁၀)ဧကော အထိ ချေးယူနိုင် ပါသည်။ သမဝါယမချေးငွေမှလည်း အသင်းဝင်တစ်ဦးလျှင် ကျပ်(၁၀၀၀၀၀/-)ကို အတိုးငွေ(၁ကျပ်၅၀ပြား)ဖြင့် ချေးယူရရှိပါသည်။ မြတ်ကျွန်းသာအသေးစားချေးငွေအဖွဲ့မှ အမျိုးသမီးများအား ရင်းနှီးငွေတစ်ဦးလျှင် ကျပ်(၁၅၀၀၀၀/)မှ ကျပ်(၄၅၀၀၀၀/-) အထိကို အတိုးငွေ (၂ ကျပ်၊ ၅၀ ပြား) နှုန်းဖြင့် ချေးယူရရှိပါသည်။ alliance အသေးစားချေးငွေအဖွဲ့မှလည်း လုပ်ငန်းရင်းနှီးငွေ တစ်ဦးလျှင် ကျပ် (၁၅၀၀၀၀/-)မှ ကျပ် (၅၀၀၀၀၀/-)အထိကို အတိုးငွေ (၂ ကျပ် ၅၀ပြား)နှုန်းဖြင့် ချေးယူနိုင်ပါသည်။ ချေးငွေကို (၂)ပတ်တစ်ကြိမ် ပြန်လည်ပေးဆပ်ရပါသည်။ Proximity အဖွဲ့မှလည်း တောင်သူများကို တစ်ဦးလျှင် အနည်းဆုံး(၂၅၀၀၀၀/-)ကို အတိုးငွေ (၂ ကျပ် ၅၀ပြား) ဖြင့် ချေးယူရရှိပါသည်။ Pact Myanmar အဖွဲ့မှလည်း အသေးစားချေးငွေ ဝန်ဆောင်မှုများ ရရှိပါသည်။ ချေးငွေများရရှိသော်လည်း ကာလတိုချေးငွေဖြစ်ပြီး (၂)ပတ်တစ်ကြိမ်ပြန်လည် ပေးဆပ်ရခြင်းတို့ကြောင့် မွေးမြူရေး လုပ်ငန်းများ တစ်နိုင်တစ်ပိုင်လုပ်ကိုင်နိုင်ရန်နှင့် အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများ ရင်းနှီးလုပ်ကိုင်နိုင်ရန် အတွက် အတိုးနည်းကာလရှည်ချေးငွေများ လိုအပ်လျက်ရှိပါသည်။

(c) ပညာရေး

ညောင်ကန်(တောင်+မြောက်)ကျေးရွာတွင် မူလတန်းကျောင်း (၁)ကျောင်းရှိပြီး စာသင်ကျောင်း (၂) ဆောင်ရှိပါသည်။ ကျောင်း၏ အကျယ်အဝန်းမှာ (၁.၁၀)ဧကော ကျယ်ဝန်းပါ သည်။ လက်ရှိတွင် မူလတန်းကျောင်းသား/ကျောင်းသူ (၈၅)ဦး ပညာသင်ကြားနေပါသည်။ သို့သော်လည်း ကျောင်းဆောင်(၂)ဆောင်ရှိသည့်အနက် ကပ်ကာ၊ သွပ်မိုးကျောင်းဆောင် (၁)ဆောင်မှာ ပျက်စီးနေပါ သဖြင့် မိုးရာသီတွင် ရေများဝင်ရောက်သည့်အတွက် စာသင်ကြားရန် ကျောင်းဆောင်လုံလောက်မှု မရှိဖြစ်နေပါသည်။ သို့ပါ၍ ကျောင်းဆောင်အသစ်တိုးချဲ့ဆောက်လုပ် ပေးရန် လိုအပ်ပါသည်။ ကျောင်းတွင် အားကစားပစ္စည်းများလည်း လုံလောက်မှု မရှိသေးပါ။

(စ) ကျန်းမာရေး

ညောင်ကန်(တောင်+မြောက်)ကျေးရွာသည် ကျေးလက်ကျန်းမာရေး ဆရာ၊ ဆရာမ မရှိသေးပါ။ ဆေးပေးခန်း အဆောက်အဦးအား ရွှေဘိုမြို့မှ အလှူရှင်တစ်ဦးမှ ၂၀၁၅ခုနှစ်တွင် ဆောက်လုပ်ပေး ခဲ့ခြင်းဖြစ်ပါသည်။ ကုန်းသာကျေးရွာကျေးလက်ဆေးပေးခန်းမှ ကိုယ်ဝန်ဆောင် မိခင်များအား ဆေးစစ်ပေးခြင်း၊ ကလေးများ ကာကွယ်ဆေးများ လာရောက်တိုက်ကျွေး၍

ဆေးထိုးပေးခြင်းများ ရှိပါသည်။ ကျေးရွာတွင် ရာသီအကူးအပြောင်းတွင် ဖြစ်ပွားတက်သော ဝမ်းပျက်ဝမ်းလျော၊ သွေးလွန်တုတ်ကွေးရောဂါများ ဖြစ်ပွားကြပါသည်။ ကျန်းမာရေးအသိပညာ နည်းပါးခြင်းကြောင့် ဆီးချို၊ သွေးတိုးရောဂါများလည်း ဖြစ်ပွားကြပါသည်။ ကျန်းမာရေးဆရာ၊ ဆရာမ မရှိခြင်းကြောင့် ကျန်းမာရေး အရေးပေါ်ကိစ္စများတွင် (၆)မိုင်ခန့်ကွာဝေးသည့် ရွှေဘိုမြို့သို့ သွားရောက်ရသည့်အတွက် ခက်ခဲပါသည်။ ကျေးရွာတွင် ဆေးပေးခန်း အဆောက်အဦးရှိပြီး ဖြစ်ပါ၍ ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေး ဆရာ၊ ဆရာမ ချထားပေးရန် လိုအပ်ပါသည်။ အာဟာရ အနေဖြင့် ဆိုးဝါးသည့် အခြေအနေ မကြုံတွေ့ရပါ။

ကျေးရွာတွင် တစ်အိမ်ထောင်စုချင်း သန့်ရှင်းရေး ဆောင်ရွက်မှု ရှိသော်လည်း ပတ်ဝန်းကျင် သန့်ရှင်းရေးကို စုပေါင်း ဆောင်ရွက်မှု အားနည်းလျက် ရှိပါသည်။

အိမ်ထောင်စု (၂၉၃)စုတွင် ယင်လုံအိမ်သာ သုံးစွဲသူ (၂၀၄)အိမ်ထောင်စု၊ တွင်းမရှိ အိမ်သာ သုံးစွဲသူ (၂)အိမ်ထောင်စု၊ အိမ်သာမရှိ (၂)အိမ်ထောင်စုတို့ ဖြစ်ကြပါသည်။ (၈၅)အိမ်ထောင်စုမှာ ယင်လုံအိမ်သာကို နီးစပ်ရာ ဆွေးမျိုးများထံ ပေါင်းစပ်အသုံးပြုကြပါသည်။ အိမ်သာမရှိ သုံးစွဲသူများမှာ ကျေးရွာအပြင်ရှိ တောစပ်များတွင် အသုံးပြုသော်လည်း ပြင်းထန်သည့် ကူးစက်ရောဂါများ ဖြစ်ပွားမှု မကြုံတွေ့ရပါ။

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ညောင်ကန်(တောင်+မြောက်)ကျေးရွာ၏ ဘေးပတ်လည်တွင် လယ်မြေများ ရှိပါသည်။ လယ်မြေများသည် တစ်နှစ်လျှင် နှစ်သီးစိုက်ပျိုးလာမှုကြောင့် မြေလှန်ချိန်နည်းပါး၍ မြေဆီလွှာ ပျက်စီးမှုများ ဖြစ်ပေါ်လာသည်ကို တွေ့ရပါသည်။ သဘာဝဘေးအန္တရာယ် မရှိပါ။

(ဇ) ကျား-မ ရေးရာ

ညောင်ကန်(တောင်+မြောက်)ကျေးရွာရှိ အမျိုးသမီးများသည် ရပ်ရွာ၏ သာရေး၊နာရေး၊ ဖွံ့ဖြိုးရေး၊ လူမှုရေးကိစ္စများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုများ ရှိသော်လည်း အရေးကြီးသည့် ရပ်ရွာ အရေးအတွက် စီမံခန့်ခွဲမှု ကိစ္စရပ်များတွင် ဦးဆောင် ဆောင်ရွက်နိုင်ခြင်းမရှိသေးပါ။ အမျိုးသမီး များသည် လယ်ယာလုပ်ငန်းခွင်တွင် ကောက်စိုက်ပေါင်းနုတ် အလုပ်များကို လုပ်ကိုင်ကြပြီး စိုက်ပျိုးရေးလုပ်ငန်းနားချိန်တွင် စက်ချုပ်၊ ယက္ကန်းအလုပ်များ လုပ်ကိုင်ကြပါသည်။ ဘာသာရေးပွဲတော်များ၊ ရိုးရာဓလေ့ပွဲတော်များတွင်လည်း အမျိုးသမီးများသည် အမျိုးသားများနှင့် အတူ ပူးပေါင်း ဆောင်ရွက်ကြပါသည်။

(စ္ဈ) လူငယ်ဖွံ့ဖြိုးရေး

လူငယ်များသည် လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြပါသည်။ ဘာသာရေး ပွဲတော်များနှင့် ရိုးရာဓလေ့ထုံစံများ ထိန်းသိမ်းစောင့်ရှောက်မှုတွင်လည်း ပါဝင်မှုအားကောင်း ပါသည်။ လူငယ်များသည် ရွာဦးဘုန်းကြီးကျောင်းတွင် စာအုပ်စင်များ ရှိသော်လည်း စာပေဗဟု သုတ စာအုပ်များ အလွန်နည်းပါးသဖြင့် စာပေဗဟုသုတပိုင်းတွင် အားနည်းနေပါသည်။ လူငယ်များ သည် အားကစားကွင်းနှင့် အားကစားပစ္စည်းများ မရှိခြင်းကြောင့်လည်း အားကစားနှင့် ပတ်သက်၍ အားနည်းလှပါသည်။

ရွှေဘိုမြို့နယ်၊ ညောင်ကန်ကျေးရွာအုပ်စု၊ ညောင်ကန်ကျေးရွာ အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း		ဦးစားပေးအဆင့်
၁	ပညာရေး	မူလတန်းကျောင်း ဆောင်သစ်ဆောက်လုပ်ခြင်း	48	၁
၂	လမ်းတံတား	ညောင်ကန်-ဇီးကုန်း ရွာချင်းဆက် ကျောက်ချောလမ်း ဆောင်ရွက်ခြင်း	36	၂
၃	အသေးစားလုပ်ငန်း	ဝက်မွေးမြူရေးအတွက် ရင်းနှီးမြှုပ်နှံရန် အတိုးနှုန်း သက်သာသော ငွေစု ငွေချေး အဖွဲ့နှင့် ချိတ်ဆက်ပေးခြင်း	34	၃
၄	ကျန်းမာရေး	ကျေးလက်ကျန်းမာရေး ဆရာ/ဆရာမ ချပေးခြင်း	32	၄
၅	စိုက်ပျိုးရေး	စပါးမျိုးသန့် ဝယ်ယူရရှိရန် ဆောင်ရွက်ခြင်း	32	၅
၆	ပညာရေး	အသက်မွေးဝမ်းကျောင်းသင်တန်း ဆောင်ရွက်ခြင်း(စက်ချုပ်၊ ယက္ကန်း)	32	၆
၇	ငွေကြေး	အတိုးနည်းချေးငွေ (မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်း)	29	၇
၈	လူငယ်ဖွံ့ဖြိုးရေး	အားကစားပစ္စည်း ထောက်ပံ့ပေးခြင်း	28	၈
၉	စိုက်ပျိုးရေး	မဟာနန္ဒာကန်တော်မှ ကူပြန်သီးသန့်ရရှိရန် ဆည်မြောင်းဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း	23	၉
၁၀	လူငယ်နှင့်အားကစား	စာအုပ်ဘီရိုနှင့် အထွေထွေဗဟုသုတ စာအုပ်များ ဝယ်ယူခြင်း	21	၁၀
၁၁	အခြေခံအဆောက်အဦ	လက်ခုပ်မြောင်းလမ်းအား ကုန်ထုတ်လမ်း ဆောင်ရွက်ခြင်း	19	၁၁
၁၂	အခြေခံအဆောက်အဦ	ဆန်ကားမြောင်းလမ်းအား ကုန်ထုတ်လမ်း ဆောင်ရွက်ခြင်း	14	၁၂
၁၃	လူငယ်နှင့်အားကစား	မူးရစ်ဆေးအန္တရာယ်အသိပညာပေးဟောပြောပွဲများ ကျင်း ပပေးခြင်း။		

နောက်ဆက်တွဲ(၁)

ရွှေဘိုမြို့နယ်၊ ညောင်ကန်(တောင်+မြောက်)ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

ပြဿနာ/ အခက်အခဲ	ဖြစ်ရသည့်အကြောင်းရင်း	အခြေအနေကောင်း	ဟန့်တား	ဖြေရှင်းနိုင်သည့်နည်းလမ်းများ	အဆိုပြုစီမံချက်လုပ်ငန်းများ
၁ **စိုက်ပျိုးရေး (သီးနှံ၊ စိုက်ပျိုးရေ)**					
စပါးသီးနှံတွေထုတ်ယူရတာခဲရင်းခြင်း။ လွယ်ကူစွာ သယ်ယူမရသည့်အတွက် ဈေးအချိန်မီမရောင်းရခြင်း။ စပါးအထွက်နှုန်းလျော့ ခြင်း။ စိုက်ပျိုးရေလုံလောက်မှုမရှိခြင်း။	ကုန်ထုတ်လမ်းမရှိခြင်း။ စပါးမျိုးကောင်းမျိုးသန့်မရှိခြင်း။ မဂ်လာကန်တော်ရေမှ စိုက်ပျိုးရေသည် ကူပြွန်မကောင်းသည့်အတွက် စိုက်ပျိုးရေလုံလောက်စွာမရရှိခြင်း။	ကုန်ထုတ်လမ်းအတွက် မြေနေရာပေးနိုင်ပါသည်။ ငွေကြေးအနည်းငယ်ထည့်ပေးနိုင်ပါသည်။မဂ်လာကန်တော်ရေရှိပါသည်။	ကုန်ထုတ်လမ်းဖောက်လုပ်ရန်နှင့် ကူပြွန်ပြုပြင်ရန်ငွေကြေးမတတ်နိုင်ပါ။	ဆည်မြောင်းဦးစီးဌာနနှင့်ချိတ်ဆက်၍ကူပြွန်သီးသန့်တပ်ဆင်ပေးရန် ညှိနှိုင်းဆောင်ရွက်မည်။ လယ်သမားများအဖွဲ့မှ ကုန်ထုတ်လမ်းရရှိရန်ဆောင်ရွက်ခြင်း မျိုးကောင်းမျိုးသန့်ရရှိအောင် ဆောင်ရွက်မည်။	ကျေးရွာစပါးအထွက်နှုန်းတိုးရေးဆောင်ရွက်ခြင်း ၁။ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း။ ၂။မြို့နယ်စိုက်ပျိုးရေးနှင့်ချိတ်ဆက်၍မျိုးကောင်းမျိုးသန့်ထုတ်လုပ် ခြင်း။ဖြန့်ဖြူးခြင်း။ ၃။ ကန်တော်မဂ်လာကန်တော်ရေမှ ကူပြွန်သီးသန့်ရရှိအောင် ဆောင်ရွက်ခြင်း။
၂ **ကျေးလက်လမ်းတံတား**					
မိုးရာသီသွားလာရေးခက်ခဲခြင်း	ညောင်ကန် ဇီးကုန်းကျေးရွာချင်းဆက်လမ်းသည်မြေသားလမ်း ဖြစ်နေပါသဖြင့် နှစ်စဉ်မိုးရာသီတွင် သွားလာရေးအဆင်မပြေပါ။	လုပ်အားနှင့်ငွေကြေးအချို့ ထည့်နိုင်ပါသည်။	လမ်းအဆင့်မြှင့်တင်ရန်ငွေကြေးမတတ်နိုင်ပါ။	လမ်းအဆင့်မြှင်ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ လမ်းဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	ကျေးရွာရွာချင်းဆက်လမ်းကောင်းမွန်အောင်ဆောင်ရွက်ခြင်း ၁။ ညောင်ကန်ရွာမှ ဇီးကုန်းရွာအထိကျောက်ခြောလမ်းခင်းခြင်း (၃၀'-၀'' -၄ မိုင်) ၂။ ကျေးရွာချင်းဆက်လမ်းဘေးဝဲယာရေနုတ်မြောင်းတူး

						ဖော်ခြင်း။
၃	**မွေးမြူရေး**					
	အပိုဝင်ငွေနည်းပါးခြင်း၊တပိုင်တနိုင်မွေးမြူရေးနည်းပါးခြင်း။	စီးပွားဖြစ်မွေးမြူရန် ငွေကြေးအရင်းအနှီးမနည်းခြင်း။	မြက္ကန်းသာ၊ပက်မြန်မာပရော်စီမီတီငွေးချေးအဖွဲ့များ ရှိပါသည်။	ပရော်စီမီတီမှာ လယ်သမားများကိုသာချေးပါသည်။ မြက္ကန်းသာနှင့်ပက်မြန်မာမှာ အမျိုးသမီးများကိုသာချေးပြီး ၁၄ ရက်တကြိမ် ပြန်လည်ပေးချေးရသဖြင့် အဆင်မပြေပါ။	အပိုဝင်ငွေရရှိအောင် တပိုင်တနိုင် မွေးမြူရေးလုပ်ကိုင်နိုင်ရန် အတိုးနည်းပြီး နှစ်ရှည်ချေးနိုင်သော ငွေကြေးအဖွဲ့များနှင့်ချိတ်ဆက်မည် ဖြစ်ပါသည်။	ငွေးချေးအဖွဲ့များနှင့်ချိတ်ဆက်ခြင်း ၁။ မြစိမ်းရောင်ချေးငွေ ရရှိအောင်ဆောင်ရွက်ခြင်း။ ၂။ အတိုးနည်းပြီး နှစ်ရှည်ချေးနိုင်သော ပြင်ပငွေကြေးအဖွဲ့များနှင့်ချိတ်ဆက်ခြင်း။
၄	**ကျန်းမာရေး**					
	အမျိုးသမီးများ မီးဖွားရာတွင်အဆင်မပြေခြင်း	ဆေးပေးခန်းရှိသော်လည်းဆရာ၊ဆရာမ မရှိသဖြင့် မီးဖွားရာတွင် အဆင်မပြေခြင်း ဖြစ်ပါသည်။	ဆေးပေးခန်းရှိပါသည်။		ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှကျန်းမာရေးဌာနနှင့်ချိတ်ဆက်၍ သားဖွားဆရာ၊ဆရာမရရှိအောင်ဆောင်ရွက်မည်။	ကျေးရွာကျန်းမာရေးဌာနတွင် သားဖွားဆရာ၊ဆရာမရရှိအောင်ဆောင်ရွက်ခြင်း။
၅	**ပညာရေး**					
	မူလတန်းကျောင်းအဆောက်အဦယိုယွင်းပျက်ဆီးနေခြင်း။	ကျေးရွာမူလတန်းကျောင်းမှာ သစ်ထရံတို့ဖြင့် သာဆောက်လုပ်ထားသဖြင့် ယခုအခါပျက်စီးယိုယွင်းနေပါသဖြင့် ကလေးများစာသင်	မူလတန်းကျောင်းသားကျောင်းသူ ၈၅ ဦးရှိပါသည်။	တထပ်အုတ်စာသင်ကျောင်းဆောင်ဆောက်လုပ်ရန် ငွေကြေးမတတ်နိုင်ပါ။	ကျောင်းကော်မတီမှဦးဆောင်၍ ပညာရေးဌာနနှင့်ချိတ်တက် အကောင်အထည်ဖော်ဆောင်ရွက် သွားပါမည်။	မူလတန်းကျောင်းဆောင်ပြန်လည်ပြုပြင်ခြင်း။/ မူလတန်းကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း။

		ကြားရာတွင် ခက်ခဲရှိပါသည်။				
၆	**လူငယ်ဖွံ့ဖြိုးရေး**					
	လူငယ်များအားကစားပြုလုပ်မှုများနည်းပါးလာခြင်း။ လူငယ်များစာပေဗဟုသုတလက်လှမ်းမီမှုလည်းပဲအားနည်းလာခြင်း။	လူငယ်များအားကစားပြုလုပ်ရန်ကျေးရွာတွင် အားကစားပစ္စည်းလုံလောက်စွာမရှိခြင်း။ အားလပ်ချိန်များတွင် မိုဘိုင်းဖုန်းအသုံးပြုမှုများနေခြင်း။ စားဝတ်နေရေးအတွက် အလုပ်လုပ်ကိုင်နေရခြင်း။ အရက်စသောမူးရစ်အန္တရာယ်များလာခြင်း။	အားကစားကို စိတ်ဝင်စားသော လူငယ်များရှိပါသည်။ အားကစားလုပ်ရန် နေရာအတော်အသင့်လည်း ရှိပါသည်။	လူငယ်ဖွံ့ဖြိုးရေးကို အလေးထားလုပ်ဆောင်ရသည့်အသိကျေးရွာများတွင်နည်းပါးလာသည်။	ကျေးရွာလူကြီးများမှဦးဆောင်၍ အားကစားပွဲများကျင်းပေးခြင်း၊ အားကစားပစ္စည်းများလက်လှမ်းမှီအောင် ဆောင်ရွက်ပေးခြင်း၊ စာအုပ်စာပေများလေ့လာနိုင်ရန် ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။	ကျေးရွာလူငယ့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း ၁။ အားကစားပစ္စည်းများပံ့ပိုးပေးခြင်း။ ၂။ စာအုပ်ဗီရိုနှင့် အထွေထွေဗဟုသုတ စာအုပ်များရရှိအောင်ဆောင်ရွက်ပေခြင်း။ ၃။မူးရစ်ဆေးအန္တရာယ်အသိပညာပေးဟောပြောပွဲများ ကျင်းပပေးခြင်းများ ဆောင်ရွက်ကြရပါမည်။

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ (ညောင်ကန် (တောင်+မြောက်)

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၈	၆	၁၄
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၃၁	၃၉	၇၀
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၆၀	၃၈	၉၈
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၄၇	၆၃	၁၁၀
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၄၃၈	၅၁၆	၉၅၄
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၃၃	၆၈	၁၀၁
စုစုပေါင်း		**၆၁၇**	**၇၃၀**	**၁၃၄၇**
စုစုပေါင်း အိမ်ထောင်စု		**၂၉၃**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ နို့စို့အရွယ် အလွန်နည်းခြင်းကို လေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၀၂	၂၄၄	-	မြင့် ☐ လတ်☒ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂	၄	-	မြင့် ☐ လတ်☐ နိမ့် ☒
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၂	၂	မြင့် ☐ လတ်☐ နိမ့် ☒
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၁	မြင့် ☐ လတ်☐ နိမ့် ☒
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း			၈၁	မြင့် ☐ လတ်☒ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၂	မြင့် ☐ လတ်☐ နိမ့် ☒
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၃	၁၆	မြင့် ☐ လတ်☐ နိမ့် ☒
	အလုပ်သမား / ဝန်ထမ်း			၈	မြင့် ☐ လတ်☐ နိမ့် ☒
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း			၁	မြင့် ☐ လတ်☐ နိမ့် ☒
	အလုပ်သမား / ဝန်ထမ်း			၂	မြင့် ☐ လတ်☐ နိမ့် ☒
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း			၂	မြင့် ☐ လတ်☐ နိမ့် ☒
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၂	မြင့် ☐ လတ်☐ နိမ့် ☒
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၅	မြင့် ☐ လတ်☐ နိမ့် ☒
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၈၆		၁၆၀	☒
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၁၂	မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၂၉၃	၂၅၃	၂၉၄	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကိုဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"**ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု

လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ညောင်ကန်ကျေးရွာ၏ အဓိကလုပ်ငန်းများမှ လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်သည်ကို လေ့လာတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန့်နိုင်ထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန့်နိုင်ထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	-	-	-	-
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀	၅၀၀၀	၅၀၀၀	၃၅၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ...လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင်ပုတ်ပြတ်လုပ်အားခအနေဖြင့်အလုပ်ပြီးစီးမှုအလိုက် ကျပ်(၅၀၀၀)မှကျပ်(၁၀၀၀၀)အထိရရှိကြသည်။.....
.....

.....

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၉၇၅.၂	ကောင်း ☐	သင့်☒	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၈.၂	ကောင်း ☐	သင့်☒	ညံ့ ☐
ဥယျာဉ်ခြံမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၉၈၃.၄	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။.....
.....

.....

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☒	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☒
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☒	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☒
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☒ မရှိ ☐	လွယ် ☐ ခက်☒ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☒	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။.....

.....

.....

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၂၅ဧက-၉ဧက	၅ ဧကအထက်	၅ ဧက- ၂ဧက	-
အိမ်အခြေအနေ	၂ ထပ်တိုက်	အုတ်ခံ/ပျဉ်ထောင်	သွပ်မိုး/ထရံ	တဲ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ထော်လာဂျီ	ထွန်စက်	ဆိုင်ကယ်	-
အဓိကစီးပွားရေးလုပ်ငန်း	လယ်လုပ်ငန်း	လယ်လုပ်ငန်း	လယ်/အလုပ်သမား	ကျပန်း
အိမ်ထောင်စု	၁၈	၆၁	၁၃၁	၈၃

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။.....

.....

.....

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်.. ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။.....

.....

.....

.....

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၁၁		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၁		

အကြောင်းအရာ	ကျား	မ	ပေါင်း
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။.....

.....

.....

(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့် ☒	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့် ☒	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့် ☒	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☒	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့် ☒	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည်	မြင့် ☐	လတ် ☐	နိမ့် ☒	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။.....

(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။……

……

……

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ကျောင်းကော်မတီ	၁☐ ၂☑ ၃☐	၅	၂	၇	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	ဂေါပက	၁☐ ၂☐ ၃☑	၇	-	၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၃	လူမှုကူညီရေး	၁☐ ၂☑ ၃☐	၁၀	-	၁၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၄	ရပ်မိရပ်ဖ	၁☐ ၂☑ ၃☐	၁၀	-	၁၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၅	လျှပ်စစ်မီး	၁☐ ၂☑ ၃☐	၇	-	၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၆	လယ်သမား	၁☑ ၂☐ ၃☐	၁၀	-	၁၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐	ကောင်း ☑ သင့် ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ညံ့ ☐
၇	လူငယ်အဖွဲ့	၁☐ ၂☑ ၃☐	၇	-	၇	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၈	မီးသတ်အဖွဲ့	၁☐ ၂☑ ၃☐	၁၀	-	၁၀	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၉	အမျိုးသမီးအဖွဲ့	၁☐ ၂☑ ၃☐	-	၇၀	၇၀	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၁၀	ဝေယျာဝစ္စအဖွဲ့	၁☐ ၂☐ ၃☑	၅	-	၅	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ဌေစုဌေချေးအဖွဲ့. စသည့်။

(၂) လူမှုရေးအဖွဲ့. - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့.။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့.။

လေ့လာတွေ့ရှိချက်။ ။.....

.....

.....

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	မြတ်ကျွန်းသာ	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☑	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	ပတ်မြန်မာ	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃	အလိုင်းရင့်	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☑	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄	ပရော်စီမီတီ	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☑	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ) (**ဥပမာ – ခမ္မစကူးလ် ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ပြည်ပ) (**ဥပမာ** – Care International, Save the Children, Gret, Pact Myanmar **စသည်**)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (**ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်**)

(၅) **နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (**ဥပမာ** GIZ, UKAid, USAid, **စသည်**)

(၆) **ပရဟိတအဖွဲ့** (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။(ပရော်စီမီတီ)ကုမ္ပဏီမှ လယ်သမားများကို (၆)လ တစ်ကြိမ်ထုတ်ချေးသည်ကိုလည်း တွေ့ရှိရသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၉၀	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၆၂	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၅၃	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၈၃	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၅	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၂၉၃	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စုနှင့် တောင်သူလုပ်ကိုင်သည့်အိမ်ထောင်စု မတူညီရခြင်းမှာ ကိုယ်ပိုင်မလုပ်ကိုင်ဘဲ အခြားတောင်သူကို အငှားချထားခြင်းကြောင့်ဖြစ်သည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စ	အရင်းအမြစ်	ရေသောက်	ရေရရှိနိုင်မှု

ဦ		(ဧက)	တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၉၅၇.၇	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်☒ မဖြေဆိုပါ□	ရှိ☒ မရှိ□ မဖြေဆိုပါ □
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၄	ရေသွင်းမြောင်း	၄၅၇.၇	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်☒ မဖြေဆိုပါ□	ရှိ□ မရှိ☒ မဖြေဆိုပါ □
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၆	လက်ငင်းရေတွင်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၈	ချောင်းရေ	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ညောင်ကန်ကျေးရွာ၏စပါးစိုက်လယ်အချို့သည် သဖန်းဆိပ်ဆည်ရေဝင်ကန်တော်မှလာသော ရေများကို သုံး၍ စိုက်ပျိုးကြပါသည်။ စိုက်ပျိုးလယ်ဧက(၄၀၀)ကျော်ရှိပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစု ပေါင်းစိုက် ဧက	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါးမိုး	၉၇၅.၂	တင်း	၅၀	၁၀၀	၇၅	ဝါခေါင်	တပိုတွဲ	မြင့်□ လတ်☒ နိမ့်□	မြင့်☒ လတ်□ နိမ့်□
စပါးနွေ	၉၇၅.၂	တင်း	၈၀	၁၅၀	၁၂၀	တန်ခူး	ဝါဆို	မြင့်□ လတ်☒ နိမ့်□	မြင့်☒ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။သဖန်းဆိပ်ဆည်ရေဝင်ကန်တော်မှလာသော ရေများသည် ရေရှိမှု နည်းနေ ပါသဖြင့် ကူပြွန်သီးသန့်တပ်ပေးရန် လိုအပ်နေပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်	၁	-	-	၅၀
လက်တွန်းထွန်စက်	၅၆	-	-	၁၅၀
အစေ့ချ ကိရိယာ		-	-	-
ရိတ်သိမ်းခြွေလှေ့စက်	၅	-	-	၂၀၂
ရိတ်သိမ်းစက်		-	-	-
ခြွေလှေ့စက်	၃	-	-	-
ရေစုပ်စက်	၂၃	-	-	-
ခြေနင်းရေတင်စက်		-	-	-
မြက်ရိတ်စက်	၁၀	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။လယ်သမားအများစုမှ ကုန်ထုတ်လမ်းမရှိသဖြင့် ရိတ်သိမ်းရာသီတွင် လမ်းနှင့်ဝေးသောလယ်များမှ ကုန်ကျစရိတ်ပိုမိုကုန်ကျသည်ကို လေ့လာတွေ့ရှိရပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
